၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်

**Parami Energy Group of Companies ၏ အများအကျိုးအတွက် ဖွင့်ဟပြောကြားခြင်း မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ**

ပါရမီသည် Whistle Blowing Policy ဖြစ်သည့် အများအကျိုးအတွက် ဖွင့်ဟပြောကြားခြင်း မူဝါဒကို ကျင့်သုံးလိုက်နာရန် လက်ခံသဘောတူထားသည်နှင့်အညီ ကုမ္ပဏီဝန်ထမ်းများသည် သတင်းအချက်အလက်ဆိုင်ရာများကို ပွင့်လင်းမြင်သာစွာဖြင့် မေးမြန်းနိုင်ပါသည်။ ယခုမူဝါဒသည် ဖွင့်ဟပြောကြားသူအား လျှို့ဝှက်ထားရှိနိုင်ရန် လုံခြုံစိတ်ချရသော အစီအမံများ ထားရှိပါသည်။ ယခုလုပ်ငန်းစဉ်သည်- (၁) လုံခြုံမှုတင်းကြပ်စွာထားရှိခြင်း (၂)ဝန်ထမ်းများအနေဖြင့် လက်တုံ့ပြန်မှုခံရခြင်း၊ မုန်းတီးခံရခြင်းနှင့် ဆိုးကျိုးကိုဖြစ်စေနိုင်သော ကိစ္စရပ်များမှ စိုးရိမ်ကြောက်ရွံ့မှု ကင်းရှင်းစေခြင်းတို့ဖြစ်ပါသည်။

## နိဒါန်း

၁။ Whistle Blowing ဆိုသည်မှာ ဝန်ထမ်းတစ်ဦးသည် အများအတွက် အကျိုးရှိသော သတင်း အချက်အလက်များကို ဖွင့်ဟပြောကြားသည့်လုပ်ငန်း အစီအစဉ်တစ်ရပ်ပင် ဖြစ်ပါသည်။ သဘောအားဖြင့် မိမိ၏အလုပ်ရှင် (လုပ်ငန်းပိုင်ရှင်)သည် ဥပဒေနှင့်ဆန့်ကျင်ပြီး ကိုယ်ကျင့်သိက္ခာမဲ့သော လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြောင်း အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်း (သို့မဟုတ်) အများသိရှိရန် ဖွင့်ဟပြောကြားခြင်းလည်း ဖြစ်ပါသည်။

ယခုမူဝါဒသည် ကုမ္ပဏီ၏ကျင့်သုံးလျက်ရှိသော ကျင့်ဝတ်သိက္ခာဆိုင်ရာ မူဝါဒအချို့နှင့်တူညီနေသည်ကို လည်းတွေ့ရှိနိုင်ပါသည်။ ယခုမူဝါဒသည်ကုမ္ပဏီ၏ ဝန်ထမ်းများအားလုံး၊ အရာရှိအဆင့်များ၊ ဒါရိုက်တာများနှင့် သက်ဆိုင်လျှက်ရှိပြီး ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီခွဲများနှင့်လည်း သက်ဆိုင်ပါသည်။

## လုပ်ထုံးလုပ်နည်းများ

(၁) အောက်ဖော်ပြပါ လုပ်ငန်းစဉ်များသည် ဖွင့်ဟပြောကြားသူအတွက် လွယ်ကူစေသော လမ်းကြောင်းများ ဖြစ်ပါသည်။

(က) ခေါင်းစဉ်ခွဲခြားခြင်း– ဝန်ထမ်းတစ်ဦးတစ်ယောက်သည် လာဘ်ပေးလာဘ်ယူခြင်း (သို့မဟုတ်) အခြားမလျော်ကန်သော အပြုအမူများ လုပ်ဆောင်ကြောင်းတွေ့ရှိလျှင် အောက်ဖော်ပြပါ သက်သေအထောက်အထားများ ပါဝင်သည်–

(၁) လာဘ်ယူပြုလုပ်ခြင်း

(၂) လာဘ်ပေးခြင်း

(၃) Fraud လိမ်လည်ခြင်း

(၄) Malpractice မသမာမှု

(၅) မိမိရာထူးအား လွဲမှားစွာအသုံးပြုခြင်း

(၆) လူမျိုးဘာသာ၊ ယဉ်ကျေးမှု၊ လိင်ကိစ္စဆိုင်ရာများပေါ်တွင် လူ့ကျင့်ဝတ်သိက္ခာကို မစောင့်စည်းခြင်း။

(၇) ပါရမီ၏ (Code of Conduct) ကျင့်ဝတ်သိက္ခာနှင့် လူ့အခွင့်အရေးတို့ဖြင့် လိုက်လျောညီထွေမှု မရှိခြင်း။

(၈) အခြားသောသိက္ခာမရှိသည့် ပြုမူဆောင်ရွက်ချက်များ။

(ခ)(၂) သတင်းပေးပို့ခြင်းလုပ်ငန်းစဉ်– ဝန်ထမ်းများသည ပြဿနာအား နှုတ်ဖြင့်တင်ပြနိုင်ပြီး အသေးစိတ် အချက်အလက်များကို လက်ရေးဖြင့် တင်ပြနိုင်ပါသည်။ ပါရမီ၏ ဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးမြင့်ဝင်းသည် လက်ရှိအားဖြင့် Compliances Officer (စည်းကမ်းထိန်းသိမ်းရေးအရာရှိ)အဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပြီး ၎င်းအား အီးမေးလိပ်စာ mwin@parami.com ဖြင့် ဆက်သွယ်နိုင်ပါသည်။

(၁) ဝန်ထမ်းအနေဖြင့် စည်းကမ်းထိန်းသိမ်းရေး အရာရှိကို တိုက်ရိုက်သတင်းပို့ရန် အဆင်မပြေလျှင် သူမ/သူအနေဖြင့် ကျန်ရှိသောနှစ်သိမ့်ဆွေးနွေးအကြံပေးသူ (၅) ဦးနှင့် ဆွေးနွေးနိုင်ပါသည်။ ထို့နောက် ၎င်းတို့အနေဖြင့် အချက်အလက်များ

ကို ဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ထံသို့ ပေးပို့ပြီး လျှင်မြန်စွာ ဖြေရှင်းပေးနိုင်ရန်အတွက် ပူးပေါင်းလုပ်ဆောင ကြမည်ဖြစ်သည်။

(၂) စေတနာ့ဝန်ထမ်း နှစ်သိမ့်အကြံပေးဆွေးနွေးသူများတွင် ပါဝင်သူများမှာအောက်ပါ အတိုင်းဖြစ်ပါသည်–

၁။ ဦးဇော်ဝင်း၊ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းဌာနမှူး (Head of Drilling Business Unit)၊ ဦးဇော်ဝင်းထံသို့ မေးလ်ပေးပို့ လိုလျှင် zwin@parami.biz သို့ ပေးပို့နိုင်ပါသည်။

၂။ ဒေါ်ကျော်ကျော်ဝင်း၊ Head of Petroleum Processing Unit၊ ဒေါ်ကျော်ကျော်ဝင်းထံသို့ မေးလ်ပေးပို့လိုလျှင် kkw@parami.biz သို့ ပေးပို့နိုင်ပါသည်။

၃။ ဦးခင်မောင်ဦး၊ အထွေထွေမန်နေဂျာ၊ စီမံရေးရာ၊ ဦးခင်မောင်ဦးထံသို့ မေးလ်ပေးပို့ လိုလျှင် kmo@parami.biz သို့ ပေးပို့နိုင်ပါသည်။

၄။ ဦးမြင့်ဝင်း၊ စည်းကမ်း ကြီးကြပ်ရေး အရာရှိနှင့် ဥပဒေအကြံပေး ၊ ဦးမြင့်ဝင်းထံသို့ မေးလ်ပေးပို့ လိုလျှင် mwin@parami.biz သို့ ပေးပို့နိုင်ပါသည်။

၅။ ဦးအောင်မြတ်မိုး၊ Event မန်နေဂျာ၊ ဦးအောင်မြတ်မိုးထံသို့ မေးလ်ပေးပို့ လိုလျှင် event@parami.biz သို့ ပေးပို့နိုင်ပါသည်။

၆။ Hillary Strasser ၊ လက်ထောက် CSR မန်နေဂျာ၊ Hillary Strasser ထံသို့ မေးလ်ပေးပို့ လိုလျှင် hillary@parami.bizသို့ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များအတွက် မိမိတို့၏နှစ်နာမှုမူဝါဒအား ကျေးဇူးပြု၍ ဖတ်ရှုနိုင်ပါသည်။

(ဂ)(၃) ဝေဖန်ပိုင်းခြားပြီး စီစစ်သုံးသပ်ခြင်းအစီအစဉ်– Compliances Officer သည် တိုင်ကြားချက်ကို လက်ခံရရှိသည်နှင့် ဆက်လက်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ တိုင်ကြားချက်သည် တရားမျှတပြီး ဝေဖန်ပိုင်းခြား၍ စီစစ်သုံးသပ်ရမည်။ အဆိုပါအချက်အလက်များအား လုံခြုံစွာလျှို့ဝှက် ထားရှိမည်ဖြစ်ပါသည်။ အဆိုပါ ပြဿနာသည် အဆင့်မြင့်စီမံခန့်ခွဲသူများမှ အလျှင်အမြန် ဆောင်ရွက်နိုင်ရန် အရေး

ကြီးသည့်ကိစ္စဖြစ်ပါက Compliances Officer သည် အဆင့်မြင့် စီမံခန့်ခွဲသူများထံ အမြန်ဆုံးအသိ ပေးတင်ပြပြီး ၎င်းတို့သည်လည်းအဆိုပါ စိစစ်သုံးသပ်ခြင်း အစီအစဉ်တွင် ပါဝင်ရန် လိုအပ်ပါသည်။

(၁) အကယ်၍ အကြီးတန်းမန်နေဂျာ အဆင့်ရှိသူများဖြစ်သည့် CEO (သို့) COO တို့သည် အဆိုပါ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်၍ နေပါက Compliances Officer သည် အဆိုပါကိစ္စရပ်အား သီးခြားအကြံပေးပုဂ္ဂိုလများ ဘုတ်အဖွဲ့သို့ လွှဲပြောင်းပေးရမည်။

(၂) အကယ်၍အဆိုပါ ကိစ္စရပ်များတွင် သီးခြားအကြံပေးပုဂ္ဂိုလ်များ ဘုတ်အဖွဲ့ဝင် တစ်ဦးဦး ပါဝင်ပတ်သက်၍နေပါက Compliances Officer သည်အဆိုပါ ကိစ္စရပ်အား CEO (သို့) COO ထံသို့ လွှဲပြောင်းပေးရမည်။

(၃) အသိပေးတိုင်ကြားသူ၏ ကိုယ်ကျိုးမထိခိုက်စေရန် အဆိုပါလုပ်ငန်းအစီအစဉ် များကို လုံခြုံစွာ ထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

အတည်ပြုသူ-

Pyi Wa Tun
CEO and Chairman
Parami Energy Group of Companies